## "ဘာသာပြန်မျက်ဝန်း"

ရှင့်ကို မချစ်ဘူးတဲ့
ဒါပေမဲ့ မင်း ကိုယ့်ကို နမ်းခဲ့ဘူးတယ်နော်

ရှင့်ကို မလွမ်းဘူးတဲ့
ဒါပေမဲ့ စွန်းထင်းနေတဲ့မျက်ရည် (မင်းရဲ)
ငို့ရင်ဘတ်ထဲမှာ ခုထိ စွဲထင်တုန်း

ရှင့်ကိုမုန်းတယ် အရမ်းမုန်းတယ်တဲ့
ကိုယ်သိလိုက်ပါပြီ မင်းကိုယ့်ကို ချစ်တယ်
အရမ်းချစ်တယ် ဆိုတာလေ။

မင်းမျက်ဝန်းထဲက အဓိပ္ပါယ်တွေကို
ကိုယ်ဖတ်တတ်ခဲ့လို့ပေါ့. . . ။





## "ကိုယ်ရဲ့တော်ကြယ်ကလေး"

လမင်းရဲ့
အလင်းကြောင့်
အရောင်တွေ
ဘယ်လောက်ပဲမှိန်မှိန်
အရောင်တွေ /အလင်းတွေ
ဘယ်လောက်ပဲ ပျောက်ပျောက်
ကိုယ်မကြွေသရွေ့
လမင်းဘေးမှာ
အမြဲတမ်းရှိနေမဲ့
ဗီးနပ်စ် ကြယ်ကလေးပါ
လမင်းလေးရယ်. . .။

